GGI
INSURANCE • အာမခံ

**Grand Guardian Insurance Holding Public Co., Ltd.**
No. (19/20) A, B, C, D, Junction Square Compound,
Pyay Road, Kamayut Township,
Yangon, Myanmar.

T (+951) 230 5700, 230 5701
F (+951) 230 4368
Hot Line (+951) 230 6366
E info@ggipinsurance.com
www.ggipinsurance.com

# ဂရင်းဂါးဒီးယန်းအာမခံမှ အထွေထွေအာမခံကို Tokio Marine နှင့် အသက်အာမခံကို Nippon Life နှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခွင့်အတွက် ယာယီလုပ်ငန်းလိုင်စင်ရရှိခြင်း

- မြန်မာ့ထိပ်တန်းအာမခံကုမ္ပဏီသည် ဂျပန်နိုင်ငံမှ နံပါတ်(၁) အထွေထွေအာမခံကုမ္ပဏီနှင့် နံပါတ်(၁) အသက် အာမခံကုမ္ပဏီတို့နှင့် ပူးပေါင်းကာ ပိုမိုတောင့်တင်းခိုင်မာလာပြီဖြစ်ပါသည်။
- နိုင်ငံတကာစံချိန်မီ အထွေထွေအာမခံ နှင့် အသက်အာမခံ ဝန်ဆောင်မှုများကို မြန်မာနိုင်ငံတွင် ဆောင်ရွက် ပေးနိုင်ပြီဖြစ်ပါသည်။

ရန်ကုန်၊ မြန်မာ၊ ၂၀၁၉ခုနှစ် ဩဂုတ်လ ၂ရက်နေ့ -Grand Guardian Insurance Holding Public Company Limited ("GGIH") သည်အထွေထွေအာမခံလုပ်ငန်းကို Tokio Marine & Nichido Fire Insurance Co., Ltd ("Tokio Marine")နှင့် ဖက်စပ် လုပ်ကိုင်ခွင့် ယာယီလုပ်ငန်းလိုင်စင် ရရှိခဲ့ပြီး၊ အသက်အာမခံ လုပ်ငန်းကို Nippon Life Insurance Company ("Nippon Life") နှင့် ဖက်စပ်လုပ်ကိုင်ခွင့် ယာယီလုပ်ငန်း လိုင်စင် ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံတွင်GGIH သည်အထွေထွေအာမခံလုပ်ငန်းနှင့် အသက်အာမခံလုပ်ငန်း၊ အာမခံ လုပ်ငန်း(၂)မျိုး လုံးကို ဖက်စပ်လုပ်ကိုင်ခွင့်လုပ်ငန်း လိုင်စင်(၂)မျိုးဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ GGIH သည် ပြီးပြည့်စုံသော နိုင်ငံတကာစံချိန်မီ အာမခံ အမျိုးအစားသစ်များကို မြန်မာနိုင်ငံသားများထံ ယူဆောင်လာနိုင်တော့ မည်ဖြစ်ပါသည်။ ဂျပန်နိုင်ငံ၏ နံပါတ်(၁) အထွေထွေအာမခံကုမ္ပဏီ ၊ ဂျပန်နိုင်ငံ၏ နံပါတ်(၁) အသက်အာမခံကုမ္ပဏီတို့နှင့် ပူးပေါင်းခြင်းဖြင့် ဒေသတွင်း ဈေးကွက်ကို ပိုမိုခိုင်မာ ထွင်နိုင် တော့မည်ဖြစ်ပါသည်။

## အထွေထွေအာမခံ

Grand Guardian General Insurance သည်Tokio Marine နှင့်လက်တွဲဆောင်ရွက်နေသည်မှာ (၂)နှစ်တာ ကာလ ရှိပြီဖြစ်ပါသည်။ ၂၀၁၇ခုနှစ်တွင် ပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် နှစ်ဦး သဘောတူ လက်မှတ် ရေးထိုးခဲ့ကြပြီး ၂၀၁၉ခုနှစ်တွင် Grand Guardian General Insurance သည် ပြည်ပ ရေကြောင်းပို့ကုန်အာမခံကို မြန်မာနိုင်ငံတွင် စတင်ဆောင်ရွက်သည့် ပထမဆုံးသော အာမခံကုမ္ပဏီဖြစ်လာခဲ့သည်။

ယခုဖက်စပ်ကုမ္ပဏီဖြစ်သည့် Grand Guardian Tokio Marine General Insurance Co., Ltd (GGI TM) သည် မြန်မာနိုင်ငံတွင် ဆန်းသစ်သည့် အထွေထွေအာမခံအမျိုးအစားများ ထီထွင်ဆောင်ရွက်ခြင်းကို ဆက်လက် လုပ်ဆောင်သွားမည် ဟု မျှော်မှန်းထားပါသည်။

"Tokio Marine က မြန်မာဈေးကွက်ကို ၁၉၉၇ခုနှစ်ကတည်းက ရောက်နေတာပါ။ မြန်မာ့အာမခံဈေးကွက်ကို Grand Guardian Insurance နဲ့ပူးပေါင်းပြီး မြှင့်တင်သွားဖို့ ကျွန်တော်တို့အဆင်သင့်ပါပဲ၊ ကျွန်တော်တို့ရဲ့ ဂျပန်နိုင်ငံက နှစ်ပေါင်း၁၄၀ကျော်အတွေ့အကြုံနဲ့ နိုင်ငံပေါင်း ၄၅နိုင်ငံက အတွေ့အကြုံတွေကို မြန်မာနိုင်ငံအတွက် အကောင်းဆုံးသော အာမခံအမျိုးအစား နဲ့ ဝန်ဆောင်မှုတွေ ပေးအပ်ရာမှာ အသုံးပြုသွားပါ့မယ်" ဟု Tokio Marine ၏ မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးအဖွဲ့မှူး Naoto Ishizuka ကပြောကြားပါသည်။

**အသက်အာမခံ**


Nippon Life သည် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် အာမခံပညာရပ်ဆိုင်ရာ အသိပညာများ လဲလှယ်ဖြန့်ဝေခြင်းဖြင့် မြန်မာ့အာမခံလုပ်ငန်းနယ်ပယ်ကို မြှင့်တင်ရန် ဆောင်ရွက်ပေးလျှက်ရှိပါသည်။ ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် ၂၀၁၈ခုနှစ်တွင် ရန်ကုန်မြို့၌ ကိုယ်စားလှယ်ရုံးခွဲဖွင့်လှစ်ခဲ့ပါသည်။

Nippon Life ၏ ပံ့ပိုးမှုဖြင့် Grand Guardian Life Insurance သည် စာသင်သားအသက်အာမခံ ၂၀၁၉ခုနှစ် ဇူလိုင်လတွင် စတင်မိတ်ဆက်နိုင်ခဲ့ပါသည်။ စာသင်သားအသက်အာမခံသည် အသက်၁၂နှစ်အောက် ကလေးငယ်များ အတွက် ငွေစုဆောင်းရင်းနှင့် အာမခံအကာအကွယ်ကို ရရှိခံစားနိုင်သည့် မြန်မာနိုင်ငံ၏ ပထမဆုံး နှင့် တစ်ခုတည်းသော အာမခံ ဖြစ်ပါသည်။ စာသင်သားအသက်အာမခံသည် ဒေသတွင်းလိုအပ်ချက်များကို ဂရုတစိုက်လေ့လာပြီး သင့်လျော်မည့် အာမခံအမျိုးအစားများကို ဆောင်ရွက်ပေးနိုင်သည့် ၎င်းတို့၏ စွမ်းဆောင်ချက်တစ်ခုဖြစ်ပါသည်။

ယခုဖက်စပ်ကုမ္ပဏီဖြစ်သည့် Grand Guardian Nippon Life Insurance Co., Ltd (GGI NL) သည် မြန်မာပြည်သူပြည်သားများလိုအပ်နေသည့် အာမခံအမျိုးအစားသစ်များ နှင့် ဝန်ဆောင်မှုများကို ဖန်တီးပြီး ဦးဆောင်ကုမ္ပဏီတစ်ခုအဖြစ် မြန်မာ့အာမခံလုပ်ငန်းနယ်ပယ်တွင် ရပ်တည်သွားရန် ရည်ရွယ်ထားပါသည်။

"Nippon Life သည် အမေရိကန်၊ ဩစတြေးလျ၊ တရုတ်၊ ထိုင်း၊ အိန္ဒိယ နှင့် အင်ဒိုနီးရှားတို့မှာလည်း လုပ်ငန်းခွဲ့ထွင်ပြီး ဒေသနေလူထုကို ရေရှည်အကျိုးဖြစ်ထွန်းစေဖို့ ဆောင်ရွက်နေပါတယ်။ အာရှနိုင်ငံတွေမှာ ကောင်းမွန်တဲ့ဖြန့်ချီရေး စနစ်ကို အကောင်အထည်ဖော်ခြင်းကို အတွေ့အကြုံပြည့်ဝတဲ့အတွက် မြန်မာနိုင်ငံရဲ့ အာမခံလုပ်ငန်းနယ်ပယ်ကို မြှင့်တင် ပေးနိုင်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်" ဟု Nippon Life စင်ကာပူနိုင်ငံရှိ အာရှပစိဖိတ်တာဝန်ခံ အမှုဆောင် အရာရှိ Minoru Kimura က ပြောကြားပါသည်။

## အဆိုပြုဖက်စပ်ကုမ္ပဏီ




## လုပ်ငန်းဆောင်ရွက်ရန်အသင့်ဖြစ်ခြင်း

GGI TM နှင့် GGI NL သည် ဂျပန်နိုင်ငံ၏ ထိပ်တန်း အထွေထွေအာမခံကုမ္ပဏီ နှင့် အသက်အာမခံကုမ္ပဏီ တို့၏ အာမခံလုပ်ငန်း အတွေ့အကြုံ ကြွယ်ဝမှုနှင့် ဒေသတွင်းလုပ်ငန်း ကျွမ်းကျင်မှုတို့ ပူးပေါင်းခြင်းပင်ဖြစ်ပါသည်။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသည်နှင့် အထွေထွေအာမခံဖက်စပ်ကုမ္ပဏီ နှင့် အသက်အာမခံဖက်စပ်ကုမ္ပဏီ၊ ဖက်စပ်ကုမ္ပဏီ(၂)ခုလုံးသည် နိုင်ငံတကာမှ အကောင်းဆုံးသောနည်းလမ်းများ၊ စနစ်ကျနသည့်အုပ်ချုပ်မှုများ၊ အဆင့်မြင့်နည်းပညာများ၊ ဒေသတွင်းဈေးကွက်ကျွမ်းကျင်မှုများဖြင့် မြန်မာနိုင်ငံ၏အာမခံဈေးကွက်တွင် ဝန်ဆောင်မှု ပေးအပ်ရန် အသင့်အနေအထားဖြင့်ရှိနေမည်ဖြစ်ပါသည်။

- -- -- -

## GRAND GUARDIAN INSURANCE အကြောင်း သိကောင်းစရာ

၂၀၁၃ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် GGIH သည် မြန်မာနိုင်ငံ၏ အာမခံကုမ္ပဏီများထဲတွင် ဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်ပြီး အကျယ်ပြန့်ဆုံးသော အာမခံကိုယ်စားလှယ်ကွန်ယက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ GGIH မှ အပြည့်အဝပိုင်ဆိုင်သည့် Grand Guardian General Insurance Limited နှင့် Grand Guardian Life

Insurance Limited တို့သည် အထွေထွေအာမခံ နှင့် အသက်အာမခံ တို့ကို ဝန်ဆောင်မှုပေးဆောင်ရွက်လျှက်ရှိပါသည်။

## TOKIO MARINE အကြောင်း သိကောင်းစရာ

၁၈၇၉ခုနှစ်တွင် ဂျပန်နိုင်ငံ၏ ပထမဆုံးသော အာမခံကုမ္ပဏီအဖြစ် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည့်အတွက် ဆယ်စုနှစ်ပေါင်းများစွာတိုင် ဖြတ်ကျော် ဖွံ့ဖြိုးလာခဲ့ပြီဖြစ်ပါသည်။ Tokio Marine သည် နိုင်ငံပေါင်း ၄၅နိုင်ငံတွင် လုပ်ငန်းလုပ်ဆောင်လျှက်ရှိပြီး ကမ္ဘာ့ငွေကြေးအခိုင်မာဆုံးသော အာမခံကုမ္ပဏီများထဲမှတစ်ခုဖြစ်ပါသည်။ ၂၀၁၉ခုနှစ် မတ်လ စာရင်းအရ Tokio Marine သည် အမေရိကန်ဒေါ်လာ ၂၀၃ဘီလီယံ ပိုင်ဆိုင်မှု၊ အမေရိကန်ဒေါ်လာ ၃၄ဘီလီယံ စျေးကွက်အရင်းအနှီး၊ ဝန်ထမ်းအင်အား ၄၀၀၀၀ တို့ဖြင့် ဂျပန်နိုင်ငံ၏ အကြီးမားဆုံးသော အာမခံလုပ်ငန်းစုဖြစ်ပြီး အောင်မြင်မှုများဆက်လက်ရယူရန်အတွက် သင်နှင့်ပူးပေါင်းဆောင်ရွက်ရန် အမြဲအဆင့်သင့်ရှိနေမည်ဖြစ်ပါသည်။

With Tokio Marine, you’re in good company

## NIPPON LIFE အကြောင်း သိကောင်းစရာ

Nippon Life ကုမ္ပဏီသည် အမေရိကန်ဒေါ်လာ ၆၀၀ဘီလီယံကျော် ပိုင်ဆိုင်မှု၊ ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ၅၁ဘီလီယံ၊ အမြတ်ငွေအားဖြင့် ဂျပန်ယန်း ၇၂၂.၇ဘီလီယံ (အမေရိကန်ဒေါ်လာ ၆.၈ဘီလီယံ)တို့ဖြင့် ဂျပန်နိုင်ငံ၏ ဦးဆောင် အသက်အာမခံကုမ္ပဏီတစ်ခုဖြစ်ပါသည်။ စတင်တည်ထောင်သည့် ၁၈၈၉ခုနှစ် ကတည်းကပင် Nippon Life သည် တစ်ဦးချင်းအတွက်သာမက အစုအဖွဲ့အလိုက်ထားနိုင်သည့် အာမခံအမျိုးအစားပေါင်းများစွာကို စုံလင်သောဖြန့်ချီရေးနည်းစနစ်များစွာတို့ဖြင့် ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။ ကုမ္ပဏီခွဲများ၊ ချိတ်ဆက်ပူးပေါင်းထားသည့်ကုမ္ပဏီများဖြင့် ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာစီမံခန့်ခွဲမှုများပံ့ပိုးခြင်း၊ အမျိုးမျိုးသောအာမခံထားသူများ၏ လိုအပ်ချက်များကိုဖြည့်စည်းခြင်းတို့ကို အစဉ်တစိုက်ဆောင်ရွက်လျှက်ရှိပါသည်။ Nippon Life ကုမ္ပဏီသည် ဂျပန်၊ မြောက်အမေရိက၊ ဥရောပ နှင့် အာရှပစိဖိတ်ဒေသတို့တွင် ဝန်ထမ်းပေါင်း ၇၀၀၀၀ကျော်ဖြင့် လုပ်ငန်းဆောင်ရွက်လျှက်ရှိပါသည်။

## MEDIA CONTACT

Grand Guardian General Insurance
U Myo Naung
CEO
Email : myonaung@ggipinsurance.com
Mobile : +95 95191988

Grand Guardian Life Insurance
Daw Hnin Sein
Dy. CEO
Email : hninsein@ggipinsurance.com
Mobile : +95 95170763